ယနေ့ မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၀၈) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၃၀–၆–၂၀၂၄ ၊ တနင်္ဂနွေနေ့ ။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား

## ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော (၃၆)ကြိမ်မြောက် မြန်မာ – ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၂၄ သို့ ○



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မိုး/ဓလ

**ယနေ့ ဖတ်စရာအညွှန်း**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြော စာမျက်နှာ ၂

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည် စာမျက်နှာ ၁၂

၂၀၂၄ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္ဂနွေနေ့။

# သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

လာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ကျန်ရှိသည့် စာရင်းများကိုလည်း ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက စာရင်းကောက်ရမည့်ရက် တိုးမြှင့်ကောက်ယူနိုင်ရေးနှင့် လုံခြုံရေးအပြည့်အဝရယူ၍ ကောက်ယူဆောင်ရွက်နိုင်ရေးတို့အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုကော်မတီအနေဖြင့် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များမှ သတ်မှတ်ကာလအပိုင်းအခြားတွင် အသက် ၁၈ နှစ်နှင့်အထက် အတည်ပြုလူဦးရေစာရင်းကိုလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပြိုင်တူတင်ပြ၍ နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့် မဲစာရင်းကို ထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဌာနအနေဖြင့်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက်လည်း ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်ကျင်းပခဲ့သည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအခြေအနေတွင် မဲစာရင်းမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်းများ သတ်မှတ်ကာလအတွင်း စိစစ်ပြုစုပေးပို့နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြကြရန် လိုအပ်ကြောင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)တွင် ပြောကြားခဲ့သည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတကာ၌ (၁၀)နှစ်လျှင် တစ်ကြိမ်ကောက်ယူကြရာ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့်ကောက်ယူနိုင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်တွင် ပြန်လည်ကောက်ယူရန် အလှည့်ကြရောက်ပြီ ဖြစ်သည်။

"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"လုပ်ငန်းစဉ်သည် နိုင်ငံတော်၏ တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းစစ်၊ စာရင်းကောက်များဖွဲ့စည်းမှု၊ ပြည်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၂၉**

၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် Diamond Plaza ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများနှင့် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်မည့်ကာလနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊ သန်းခေါင်စာရင်းကောက်ယူရာမှာ စာရင်းကောက်များ လိုက်နာရမည့် အချက်များနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

(မန္တလေးနေ့စဉ်-၄)

## ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ဝုရှူးပြိုင်ပွဲ၊ သရုပ်ပြပွဲအခမ်းအနားနှင့် ဆုပေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ဝုရှူးအားကစားဆပ်ကော်မတီမှ ကြီးမှူး၍ ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ဝုရှူးပြိုင်ပွဲ၊ သရုပ်ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဗထူးအားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲဝင် ဝုရှူးအားကစားသမားများက ဝုရှူးအားကစားနည်းအလိုက် သရုပ်ပြသဖွင့်လှစ်ခဲ့သည်။

**(အောက်ပုံ)**

"မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေး အဓိကထားပြီး ပြိုင်ပွဲကျင်းပတာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ နှစ်စဉ်ကျင်းပခဲ့ရာမှာ နှစ် ၃၀ ရှိပါပြီ။ ပြိုင်ပွဲမှာ ၅ နှစ်ကအထက် ယှဉ်ပြိုင်လို့ရပါတယ်။



ဝုရှူးတို့ ကျွမ်းဘားတို့ဆိုတာက အသက်ငယ်တဲ့သူတွေ အဓိကထားတာဖြစ်ပြီး ငယ်စဉ်ကတည်းက လေ့ကျင့်မှ တိုးတက်အောင်မြင်ပါတယ်။ ပျော့ပျောင်းတဲ့အချိန်မှာ လေ့ကျင့်ပျိုးထောင်ရပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ဝုရှူးနည်းပြ အတွင်းရေးမှူး ဦးကျော်အေးက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၅ နှစ်အထက် အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြရာ ကျောင်းပေါင်းစုံနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ကြောင်း၊ ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ၅ နှစ်အရွယ်မှ စတင်၍ ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိသည်။

"လူငယ်တွေအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေနဲ့ ကာယ၊ ဉာဏပြည့်စုံအောင် ပြုစုပျိုးထောင်တာဖြစ်ပါတယ်။ အားကစားလုပ်တဲ့အတွက် ကာယဖွံ့ဖြိုးလာမယ်။ ကာယဖွံ့ဖြိုးမှ ဉာဏ်ရည်ဖွံ့ဖြိုးလာမယ်။ မိမိကိုယ် မိမိ ယုံကြည်မယ်။ မြန်ဆန်မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချနိုင်မယ်။ အရာရာကျော်ဖြတ်ရဲသည့် သတ္တိရှိလာမယ်"ဟု ဆက်လက်ပြောကြားသည်။

ယနေ့ ကျင်းပသည့် အခမ်းအနားတွင် အသက် ၁၀ နှစ်အောက်နှင့် ၁၀ နှစ်အထက် ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကြ၍ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ဇွန် ၃၀ ရက်နေ့တွင် အဆီအစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကျင်းပမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် ဝုရှူးအားကစားနည်းကို ၁၉၉၃ ခုနှစ်က စတင်လေ့ကျင့်ပျိုးထောင်ခဲ့ရာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကာလအတွင်း မြန်မာ့လက်ရွေးစင်အားကစားသမား ၅၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲအဆင့်များတွင် နှစ်စဉ် ရွှေတံဆိပ်များ၊ တံခွန်စိုက်ဒိုင်းများ၊ တံခွန်စိုက်ဖလားများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ကမ္ဘာ့အဆင့်တွင်လည်း ရွှေတံဆိပ်ဆုရှင်များ မွေးထုတ်နိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ပေကျင်း ဇွန် ၂၉

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Great Hall of the People ၌ ဇွန် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

### ထည့်သွင်းပြောကြား

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က လွန်ခဲ့သည့် နှစ်ပေါင်း (၇၀)အတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၏ အရေးကြီးသည့် အနှစ်သာရနှင့် ကမ္ဘာလုံးဆိုင်ရာအရေးကြီးသည့် ပြောင်းလဲမှုများ အကြား လူသားများအတွက် အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန် လမ်းကြောင်း၏ ညွှန်ပြမှုတို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပြီးမြောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ(ငြိမ်း) နှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် မြန်မာနိုင်ငံမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ယင်းအခမ်းအနားသို့ နိုင်ငံအကြီးအကဲဟောင်းနှင့် အစိုးရအဖွဲ့အကြီးအကဲဟောင်း ၂၀ အပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၊ သံတမန်ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် မီဒီယာနှင့် စီးပွားရေးအသိုက်အဝန်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ Liuhe ခန်းမ၌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင် နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ (Mr. Wang Yi) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### တက်ရောက်

အဆိုပါနေ့လယ်စာစားပွဲတွင် ဗီယက်နမ် ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အတွင်းရေးမှူးဟောင်း Nong Due Manh၊ ဘရာဇီး နိုင်ငံသမ္မတဟောင်း Dilma Rousseff၊ အီသီယိုးပီးယားနိုင်ငံ သမ္မတဟောင်း Mulatu Teshome Wirtu နှင့် ပြင်သစ်နိုင်ငံဝန်ကြီးချုပ်ဟောင်း Dominique Marle Francois Galouzeau de Villepin တို့လည်း တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်က နိုင်ငံများအကြား ဆက်ဆံရာတွင် သာတူညီမျှနှင့် လေးစားမှုအတွက် စံချိန်စံညွှန်းများဖြင့် ကျင့်သုံးနိုင်အောင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို စတင်အကောင်အထည်ဖော်ခဲ့မှု၊ ယင်းမူကြီး(၅)ရပ်ကို လိုက်နာကျင့်သုံးကြသည့် နိုင်ငံများအကြား ပြဿနာရပ်များကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယင်းမူကြီးများ၏ အရေးကြီးမှုတို့ကို မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် St.Regis ဟိုတယ်၌ တရုတ်ပြည်သူ့နိုင်ငံခြားရေးရာအဖွဲ့အစည်း (Chinese People's Institute of Foreign Affairs–CPIFA)၏ ဥက္ကဋ္ဌ မစ္စတာဝမ်ချောင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းကျောင်း ဖွင့်လှစ်မည့်နေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ စွမ်းအင်ရိပ်သာသို့ သွားရောက်၍ စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် ဧည့်ရိပ်သာခန်းမ၌ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဧည့်ရိပ်သာတည်ဆောက်ထားမှု၊ မြေပိုင်ဆိုင်မှုနှင့် နှစ်အလိုက်ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဧည့်ရိပ်သာပြုပြင်မွမ်းမံပြီး လေ့ကျင့်သင်ကြားရေးအသုံးစရိတ်များ(Training Expenditures)၊ သုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေများ (Research and Development Fund)ဖြင့် စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်မည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရေးတို့သည် အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ချက်လုပ်ခြင်း အခန်းကဏ္ဍ သုံးမျိုးလုံးတွင် ခေတ်မီနည်းပညာများကို အသုံးပြုနိုင်ရန် ကြိုးစားကြရမည်ဖြစ်သည့်အပြင် မိမိတို့အခြေအနေနှင့်ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်ကို ဖော်ဆောင်နိုင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို စိတ်ပါဝင်စားစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုသင်တန်းကျောင်းကို နိုင်ငံတကာရှိ စွမ်းအင်သင်တန်းကျောင်းများ၏ စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်သင်ကြားနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပြီး ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် အင်ဂျင်နီယာနှင့် ဘူမိဗေဒဘာသာရပ်များ၊ ပိုက်လိုင်းကွန်ရက်များနှင့် စပ်လျဉ်းသည့် အင်ဂျင်နီယာဘာသာရပ်များ၊ ရေနံချက်လုပ်ခြင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ဥပဒေပညာ၊ စီးပွားရေးပညာ၊ စီမံခန့်ခွဲမှုပညာရပ်များကို စာတွေ့၊လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးသားပေါက်မျိုးစိုက်ထည့်ပွဲ ကျင်းပ ငလိုက်ရာဘာရေလှောင်ဆည်၌ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်းတစ်သောင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇွန် ၂၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးသားပေါက်မျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ ကျင်းပသည်။

ငါးသားပေါက် မျိုးစိုက်ထည့်ပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဦးဆောင်ပြီး ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ရွှေဝါငါးကြင်းသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ရွှေဝါငါးကြင်းသားပေါက်များကို ရေလှောင်ဆည်အတွင်းသို့ တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝရေပြင်များအတွင်း ရေသယံဇာတများ ပေါများကြွယ်ဝစေရေး၊ ငါးမျိုးများမပြုန်းတီးရေး၊



ငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ငါးမျိုးစိုက်ထည့်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်းတစ်သောင်းကို ငလိုက်ရာဘာ ရေလှောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၃၆) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးပြုလုပ်

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၃၆)ကြိမ်မြောက် မြန်မာ - ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းက မြိတ်မြို့ရှိ ပုလဲသန္တာဟိုတယ်၌ပြုလုပ်ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဒုတိယခေါင်းဆောင် ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt.Gen. Prasan Saengsirirak နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။




## အပြန်အလှန်မိတ်ဆက်

ဦးစွာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak တို့က အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကဏ္ဍအလိုက် အသီးသီးဆွေးနွေး

အဆိုပါ (၃၆) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာကော်မတီ အစည်းအဝေးတွင် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များအား ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

## ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak နှင့် နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များအား ပုလဲသန္တာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



## အတည်ပြုလက်မှတ်ရေးထိုး

ဆက်လက်၍ အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုလဲသန္တာဟိုတယ်၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များ က (၃၆) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်များအား အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြကာ အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များသည် နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး ကော်မတီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၍ (အပေါ်ပုံ) ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၃၆) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးကို တက်ရောက်လာကြသည့် ထိုင်းကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မြိတ်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများအား သွားရောက်ဖူးမြော်ခြင်း၊ အခြားအထင်ကရနေရာများအား သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ပုသိမ်ကြီးမြို့နယ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)ဝင်းတွင် ကျင်းပ







ယနေ့စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ ပိတောက်၊ တမလန်း၊ ရင်းမာ၊ မဟော်ဂနီ၊ ငုရွှေဝါ၊ စိန်ပန်း၊ မယ်ဇယ်၊ မဲဇလီ စသည့် သစ်မျိုး ၁၁ မျိုး၊ စုစုပေါင်း ၆၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ဝင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်နေရာတွင် အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွစိုက်ပျိုးခဲ့ကြသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။







## နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရေနံချောင်း ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တောင်သူအချို့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစပါးကို ယခုနှစ်တွင် စတင်၍ တစ်ဧက စပါးတစ်တင်း နှမ်းပျိုးထောင်ကာ ရေမြောင်းသွယ်စိုက်ပျိုးခဲ့ပြီး စုစုပေါင်းကုန်ကျစရိတ် သုံးသိန်းခန့်ကုန်ကျပြီး အသစ်ပေါ်ချိန်တွင် ဈေးအနေအထားကောင်းမွန်ပါက အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်မှ တောင်သူအမျိုးသားတစ်ဦးထံက သိရသည်။ နှမ်းစပါးကို ပင်ချောင်းမှ ရေမြောင်းသွယ်ပြီး စိုက်ပျိုးကြရာ နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်းနေပြီး အချို့တောင်သူများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် နှမ်းစပါး(ဆာဖိုသာ)ယခုနှစ်တွင် ဧကတစ်ရာစိုက်ပျိုးခဲ့ကြောင်း၊ ရေနံချောင်းမြို့နယ်တွင် မိုးရာသီနှင့် နွေရာသီတို့တွင် စပါးကို စိုက်ပျိုးကြကြောင်း၊ ၎င်းအပြင် ရေနံချောင်းမြို့ဆန်ဈေးကွက်တွင် ရန်ကုန်၊ အင်းမ၊ ပေါင်းတည်မြို့နယ်များမှ ဆန်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ၊ စလင်မြို့နယ်ထွက် ဆန်များကိုလည်းကောင်း အဓိကရောင်းချကြကြောင်း ဒေသထွက်ဆန်ကိုလည်း အရောင်းဝယ်ရှိကြောင်း သိရသည်။

(၄၇၂)

# ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ရေးသားချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်းထန်စွာကန့်ကွက်ကြောင်းထုတ်ပြန်ချက်ကို အဖွဲ့အစည်းအသီးသီးက ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဇွန် ၂၉

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးပါရန် တောင်းဆိုမှုများကို ဖော်ပြထားပါသည်။

**ထိုကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက** ၎င်းအစီရင်ခံစာတွင်ပါဝင်သည့် ရေးသားချက်များအား ပြင်းထန်စွာ ကန့်ကွက်ကြောင်း ၂၈-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ရေးသားချက်များအပေါ် ပြင်းထန်စွာ ကန့်ကွက်ကြောင်း **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏** သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘုရားသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့မှ ထောက်ခံကြိုဆိုပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားကြေညာချက် (၅/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ (၂၆-၆-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာကန့်ကွက်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အချက်များပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့်လည်း အပြည့်အဝထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားပါသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ ရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကို ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ထောက်ခံကြိုဆိုကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ရေးသားဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားပါသည်။

၂။ အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့်အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားရှိကြောင်း သိရှိရသည်။

၂။ အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါရေးသားချက်ကို ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြမှုများ ပါဝင်သည်ကို သိရှိရပါသည်။

၂။ အဆိုပါဖော်ပြမှုများသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ၎င်းအစီရင်ခံစာအား ပြင်းထန်စွာ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ထောက်ခံကြိုဆိုပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြထားမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် အဆိုပါ တောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)က ထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများ ဖော်ပြထားသော အစီရင်ခံစာကို ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ရေးသားဖော်ပြချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်မည်ဖြစ်သည့်အတွက် ၎င်းအစီရင်ခံစာအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၂၆-၆-၂၀၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများသည် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသည့်အပြင် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြထားကြောင်း သိရှိရပါသည်။

၎င်းရေးသားချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက် နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြပါရှိကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဖော်ပြချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါတောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၂၆-၆-၂၀၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဘဏ်များနှင့် ပတ်သက်သော အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ၎င်းထုတ်ပြန်ချက်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုခဲ့ပါသည်။

၎င်းတောင်းဆိုချက်များတွင် မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားများကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ၂၈-၆-၂၀၂၄ နေ့က ကန့်ကွက်ခဲ့ပါသည်။

ထိုသို့ ကန့်ကွက်ခြင်းသည် မြန်မာနိုင်ငံပြည်သူများနှင့် ပြည်ပနိုင်ငံဆက်ဆံရေးများကို အကျိုးရှိစေသည့် ကန့်ကွက်မှုမျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏ လုပ်ဆောင်မှုကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သဘောတူထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သတင်းထုတ်ပြန်ချက်

၂၈-၆-၂၀၂၄

## ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များအပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ချက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်း နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများဖော်ပြထားသော အစီရင်ခံစာတစ်စောင်ကို ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာသည် စီးပွားရေးအရ ထိခိုက်မှုများရှိနိုင်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ စိုးရိမ်ပူပန်မိပါကြောင်း အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍ မြန်မာ့စီးပွားရေး စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့်ချိတ်ဆက်မှုများ ကောင်းမွန်ချောမွေ့စေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက်ပါ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့ကို အရေးယူရန် လုပ်ဆောင်ခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများလည်းပတ်မှုအပေါ် သိသာသည့် သက်ရောက်မှုများရှိစေသည့်အပြင် အဆိုပါလုပ်ငန်းများကို မှီခိုနေသော ဝန်ထမ်းများနှင့် ၎င်းတို့မိသားစုများ၏ စားဝတ်နေရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ဘဏ္ဍာရေးစနစ်သည် စီးပွားရေးလုပ်ငန်းများ၏ သွက်လက်မှုကို ထောက်ပံ့ပေးနေသော အဓိကကျသည့်အချက်ဖြစ်၍ အဆိုပါစနစ်ကို ပိတ်ပင်ခြင်းကြောင့် မြန်မာ့စီးပွားရေးအရင်းအမြစ်များကို ထိခိုက်စေပါသည်။

၃။ နိုင်ငံပိုင်ဘဏ်များ အပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် လိုအပ်သည့် အထောက်အထားများအား ရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence- EDD) အား ကောင်းစွာဆောင်ရွက်ကာ ပြည်သူအများနှင့် စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးဝန်ဆောင်မှုများ ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများအား ထိခိုက်စေနိုင်မှုမှတစ်ဆင့် အများပြည်သူနစ်နာဆုံးရှုံးစေမှုကို မဖြစ်ပေါ်စေရန်နှင့် သာမန်ပြည်သူများ၏ လူမှုစီးပွားဘဝအား ထိခိုက်မှုမရှိစေရန်တို့ကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများအား တိုက်တွန်းလိုပါသည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုချက်များသည် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား စီးပွားရေးအရ ဆက်ဆံမှုကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်းနှင့် အသင်းချုပ်သည် နိုင်ငံ့စီးပွားရေးနှင့် သာမန်ပြည်သူများ၏ လူမှုစီးပွားဘဝများ ရှင်သန်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)

# မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် ဘဏ်လုပ်ငန်းများကို မှီခိုအသုံးပြုနေရ၍ နိုင်ငံတကာအဖွဲ့အစည်းများမှ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအပေါ် သတင်းထုတ်ပြန်ချက်

ရက်စွဲ - ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၉) ရက်

၁။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန် ပြည်ပတင်ပို့သည့် လုပ်ငန်းများ၊ လယ်ယာထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေကာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေပါသည်။ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်းများအားလုံးသည် ဘဏ်လုပ်ငန်းများ၏ လယ်ယာသားငါးထုတ်လုပ်ရေးအတွက် ချေးငွေများ၊ ကျေးလက်ဖွံ့ဖြိုးရေးချေးငွေများ၊ အသေးစားချေးငွေများအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရယူ၍ လုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

၂။ ဆန်စပါးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့ရောင်းချမှုအတွက် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ စီးပွားရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေရပြီး နိုင်ငံတကာဘဏ်များနှင့် ကုန်သွယ်မှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေပေးချေမှုများ၊ ငွေလွှဲမှုများကို နိုင်ငံတကာဘဏ်လုပ်ငန်း စံချိန်စံနှုန်းများ၊ စနစ်များနှင့်အညီ လိုက်နာဆောင်ရွက်နေကြပါသည်။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး အပါအဝင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်သော ငွေကြေးလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် ဘဏ်များမှ ထိရောက်စွာစိစစ်ခြင်း၊ တားမြစ်အရေးယူခြင်းနှင့် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတကာမှ လယ်ယာထွက်ကုန် ဝယ်ယူသူ (Buyer) များ၏ နိုင်ငံတကာဘဏ်များသည်လည်း မြန်မာနိုင်ငံရှိ ဘဏ်များနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဘဏ်များ၊ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာဘဏ်များကို အရေးယူရန် တောင်းဆိုတိုက်တွန်းမှုများသည် ပြည်သူအများစု မှီခိုနေသည့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာဖူလုံမှု၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်နစ်နာစေရန် ဦးတည်သကဲ့သို့ ဖြစ်ပါမည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဘဏ်လုပ်ငန်းများ တည်ငြိမ်ကောင်းမွန်ရေးကို ရှေးရှုပြီး မှန်ကန်သောမြေပြင်အခြေအနေ၊ တိကျခိုင်လုံသော အချက်အလက်များ၊ လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများကို လေ့လာသုံးသပ်လျက် အပြုသဘောဖြင့်သာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လုပ်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သဘောထားကို ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုချက်များသည် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား စီးပွားရေးအရ ဆက်ဆံမှုကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်းအစီရင်ခံစာအား ပြင်းထန်စွာကန့်ကွက်ကြောင်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများ ဖော်ပြထားသော အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၎င်းအစီရင်ခံစာ ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Black" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရတနာသောင်သစ်ကျေးရွာနေ ချစ်မင်းသူအား ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရွှေလောင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၉

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဘားအံမြို့နယ်၊ လှာကာကျေးရွာနေ သန်းဦး(ခ) ကျော်ပိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၁နာရီခွဲက စောမြင့်အေး(ခ) ယောက်ချိုအား ၎င်းနေထိုင်သည့် လှာကာကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၉၄ ပြားအားလည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲက မနန်းမြင့်မြင့်ခင်အား ၎င်းနေထိုင်သည့် လှာကာကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း၊ ညနေ ၆နာရီက ကော့ထမ္မလိန်းကျေးရွာနေ မနန်းဝင်းခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀၀၀ ပြားအား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းဦး(ခ)ကျော်ပိုင် (၄၅)နှစ်၊ စောမြင့်အေး(ခ)ယောက်ချို (၅၂)နှစ်၊ မနန်းမြင့်မြင့်ခင် (၅၄)နှစ်နှင့် မနန်းဝင်းခင်တို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အပေါ်ဝဲပုံ)

မန္တလေးနေစဉ်သတင်းအဖွဲ့)

## အရန်မီးသတ်တပ်ဖွဲ့လပတ်အစည်းအဝေးပြုလုပ်

မန္တလေး ဇွန် ၂၉

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်၊ အရန်မီးသတ်တပ်ဖွဲ့၏ လပတ်ပုံမှန် အစည်းအဝေးကို ဇွန် ၂၈ရက် နံနက် ၉နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနအစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါလပတ်အစည်းအဝေးတွင် အရန်မီးသတ်တပ်ဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များနှင့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် နယ်မြေခံမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။(၀၅၇)




## မဟာအောင်မြေမြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများပမ်းမိ

မန္တလေး ဇွန် ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်တွင် အမျိုးသားနှစ်ဦးအား စိတ်ပြောင်းဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ရက် မွန်းလွဲ ၂နာရီက မူးယစ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မဟာနွယ်စဉ်ရပ်ကွက်၊ လမ်း၄၀နှင့်၆၉-ဘီလမ်းထောင့်တွင် စောင့်ဆိုင်းနေစဉ် မိုင်းညီသိန်းစံအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန်(၆၀၀) ဂရမ်နှင့်လည်းကောင်း၊ လွင်မင်းခန့်အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြသည်။

အဆိုပါစိတ်ပြောင်းဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ မိုင်းညီသိန်းစံ ၃၀ နှစ်၊ လွင်မင်းခန့် (၂၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ) (၀၅၇)

## အမွှေးတိုင်မီးထွန်းထားရာမှ မီးလောင်မှု ဖြစ်ပွား

မန္တလေး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်ဈေး၊ ရုံ(၁၆)၊ အခန်း(၂)၊ အလှကုန်ပစ္စည်းအရောင်းဆိုင်တွင် အမွှေးတိုင်မီးထွန်းထားရာမှ မီးလောင်ကျွမ်းမှု ဇွန် ၂၆ ရက် နံနက် ၁နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးတို့သည် အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြပြီး (၁၂×၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ဆိုင်ခန်း နှစ်ခန်းကြား ကာရံထားရှိသည့် (၁၀×၆)ပေ၊ ထရံကာ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူဆိုင်ခန်းအငှားအား မိတ္ထီလာမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (ယာပုံ) (၀၅၇)



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြစ်ကြီးနား ဇွန် ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာတွင် မူးယစ်ဆေးဝါးသတင်းအရ နေအိမ်အတွင်း ဝင်ရောက်စစ်ဆေးရှာဖွေရာမှ ငွေကျပ် ၁၂၄သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဇွန် ၂၇ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြစ်ကြီးနားမြို့ ပလန နယ်မြေရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ရက် နံနက် ၁၁နာရီခွဲက မြစ်ကြီးနားမြို့ ပလန နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ် ဆန်းသွင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ နောင်နန်းကျေးရွာနေ နော်ဆိုင်း(ခ) မြင့်နိုင်စိုး (၅၀)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်းအိပ်သည့် အိပ်ခန်းအတွင်း ခုတင်ခြေရင်းရှိ အမြင့်(၃)ပေခန့်ရှိ အံဆွဲပါသစ်သားဗီရိုအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း အစိမ်းရောင် ပလတ်စတစ်ဆပ်ပြာခွက် (၁၁)ခွက်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၉၉ ဂရမ်နှင့် Nut House စာတန်းပါပန်းရောင် ပလတ်စတစ် မုန့်ကြွပ်အိတ်အတွင်းမှ ပန်းသီးတံဆိပ်ပါ အပြာနုရောင် ပလတ်စတစ် ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၄၀ အား ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးနှင့် လက်ဝယ်တွေ့ရှိသူ နော်ဆိုင်း(ခ) မြင့်နိုင်စိုး (၅၀)နှစ်အား မြစ်ကြီးနားမြို့ ပလန နယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ) (၄၄၄)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၁)အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေး

**မန္တလေး ဇွန် ၂၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပမိရပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာအမြင်တင့်တယ်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၁) အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအကြို ဗိုလ်လုပွဲယှဉ်ပြိုင်

**မန္တလေး ဇွန် ၂၉**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲအကြို ဗိုလ်လုပွဲများကို မန္တလေး၊ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းတွင် ယနေ့ညနေပိုင်းက ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲတွင် ကျောက်ဆည်ခရိုင်အသင်းက ညောင်ဦးခရိုင်အသင်းကို ၄ ဂိုးပြတ်ဖြင့်နိုင်ပြီး ဒုတိယအကြို ဗိုလ်လုပွဲတွင်လည်း ရမည်းသင်း ခရိုင်အသင်းက မဟာအောင်မြေခရိုင်အသင်းကို ၅ ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက် တန်တန်တက်ရောက်သွားသည်။

အဆိုပါ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်ခရိုင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာများ ဘောလုံးဒိုင်လူကြီးများ ဖိတ်ကြားထားသူများ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။



အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် ရမည်းသင်းခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့သည် ဇူလိုင် ၂ ရက်နေ့ အောင်မြေမန္တလာကွင်းတွင် ဗိုလ်လုယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

➤ စာမျက်နှာ ၂၄ မှ

ပွဲစသည်နှင့် ဆွစ်ဇာလန်အသင်းကသာ အီတလီအသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၃၇မိနစ်တွင် ပင်နယ်တီဧရိယာစပ်မှ ရူဗန်ဗားဂတ်စ်၏ ဖန်တီးပေးပို့မှုကို ဖရူလာက အီတလီဂိုးသမား ဒွန်နာရမ်မာ၏ ညာဘက်ထောင့်သို့ ကန်သွင်းယူကာ ဆွစ်ဇာလန်အသင်းအတွက် ဦးဆောင်ဂိုးရယူပေးသွားခဲ့သည်။ နောက်ပိုင်းတွင်လည်း ဆွစ်ဇာလန်အသင်းကသာ ဖိအားပေးကစားခဲ့ပြီး အီတလီနောက်ခံကစားသမားများနှင့် ဂိုးသမား ဒွန်နာရမ်မာကောင်းမွန်မှုကြောင့် ဂိုးရရှိမည့်အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဆွစ်ဇာလန်အသင်းက အီတလီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းပွဲစပြီး ၁မိနစ်အကြာ ပွဲချိန် ၄၆မိနစ်တွင် ဆွစ်ဇာလန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယမြောက်ဂိုးကို ရူဘန်ဗားဂတ်စ်က သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးနှစ်ဂိုးရရှိပြီးနောက် ဆွစ်ဇာလန်အသင်းသည် နောက်ပိုင်းတွင် ချေပဂိုးပြန်လည် မပေးရရေးအတွက် ခံစစ်ပုံစံဖြင့် ပြောင်းလဲ ကစားခဲ့သည်။ အီတလီအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး လူစားလှဲ့မှု ငါးကြိမ်ထိ ပြုလုပ်ကာ တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ထိရောက်သော ထိုးဖောက်မှုများပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ဆွစ်ဇာလန်အသင်းက အီတလီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်/ဆလိုဗက်ကီးယားအသင်းထဲမှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

## မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံ

**မန္တလေး ဇွန် ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးရုံး၊ ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အားကစားမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အားကစားကွင်း၊ အားကစားရုံများ အစဉ်သန့်ရှင်းသာယာရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ခရိုင်နှင့် မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ ကျင်းပရေးနှင့် ဝန်ထမ်းဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အားကစားမှူးများ၊ ဝန်ထမ်းများက အားကစားဆိုင်ရာများနှင့် ဝန်ထမ်းဆိုင်ရာများ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(ဝ၄၅)**




## 2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Donna Vekic တက်ရောက်

**ဟမ်းဘတ် ဇွန် ၂၉**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ခရိုအေးရှားတင်းနစ်မယ် Donna Vekic တက်ရောက်ခဲ့သည်။

အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Donna Vekic သည် 2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ်မယ် Viktoriya Tomova အား ၆-၀၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic နှင့် ရုရှားတင်းနစ်မယ် Diana Shnaiderတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ဝဲပုံ)** (NGB)



## အီယန်မတ်ဆန်အား အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၂၉**

အက်စတွန်ဗီလာအသင်းသည် ချဲလ်ဆီးအသင်းနှင့် နယ်သာလန်လက်ရွေးစင်အသင်း နောက်ခံကစားသမား အီယန်မတ်ဆန်အား စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၃၇ ဒသမ ၅သန်းဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

အီယန်မတ်ဆန်သည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၅ ပွဲကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အသက်(၂၂)နှစ်အရွယ်ရှိ အီယန်မတ်ဆန်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် အက်စတွန်ဗီလာအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အပေါ်ပုံ)** (NGB)



## ဂျိုဆေးလူ အယ်လ်ခါရာဖာအသင်းတွင် ကျောနံပါတ် ၁၄ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇွန် ၂၉**

တိုက်စစ်မှူး ဂျိုဆေးလူကာတာကလပ် အယ်လ်ခါရာဖာအသင်းတွင် ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စပန်ညိုအသင်းမှ အယ်လ်ခါရာဖာအသင်းသို့ ၂နှစ်+ထပ်ဆောင်း ၁၄နှစ် စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂျိုဆေးလူက ကျွန်တော် အယ်လ်ခါရာဖာအသင်းမှာ ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အယ်လ်ခါရာဖာအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစား သွားမှာပါဟု ပြောသည်။

**(အောက်ပုံ)** (NGB)



## ဘောလုံးသတင်းအတိုအထွာများ

၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)ပွဲစဉ်အဖြစ် ကိုလံဘီယာအသင်းသည် ကော့စတာရီကာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုတွင်း ရမှတ် ၆ မှတ်ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်း ခေါင်းဆောင်ကေတီဇီလမ်သည် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာတော့မည် ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ဘိုကာဂျူနီယာအသင်း လူငယ်နောက်ခံကစားသမား အာရွန်အန်ဆယ်လ်မီနီအား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

### (၁၆)သင်းအဆင့် ရွှေထွက်ပွဲစဉ်များ

**အင်္ဂလန် – ဆလိုဗက်ကီးယား**

ဇွန် ၃၀ ရက်၊ (တနင်္ဂနွေနေ့)၊ ည ၁၀း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၀၂-၀၃ | အင်္ဂလန် | ၂-၁ | ဆလိုဗက်ကီးယား | ၁-၂ | အင်္ဂလန် | (ယူရို ၂၀၀၄ ခြေစစ်ပွဲ) |
| ၂၁-၆-၂၀၁၆ | ဆလိုဗက်ကီးယား | ၀-၀ | အင်္ဂလန် | | | (ယူရို ၂၀၁၆ အုပ်စု) |
| ၂၀၁၆-၁၇ | အင်္ဂလန် | ၂-၁ | ဆလိုဗက်ကီးယား | ၀-၁ | အင်္ဂလန် | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| ဆားဘီးယား | ၀-၁ | အင်္ဂလန် | ဘယ်လ်ဂျီယံ | ၀-၁ | ဆလိုဗက်ကီးယား |
| ဒိန်းမတ် | ၁-၁ | အင်္ဂလန် | ဆလိုဗက်ကီးယား | ၁-၂ | ယူကရိန်း |
| အင်္ဂလန် | ၀-၀ | ဆလိုဗေးနီးယား | ဆလိုဗက်ကီးယား | ၁-၁ | ရိုမေးနီးယား |

အုပ်စု(ဂ) ပထမ အင်္ဂလန်နှင့် အုပ်စု(င) တတိယ ဆလိုဗက်ကီးယားတို့၏ ပွဲတွင် ဘယ်လ်ဂျီယံလို အသင်းမျိုးကို အနိုင်ကန်ထားသော ဆလိုဗက်ကီးယားကြောင့် နာမည်ကြီး အင်္ဂလန်တို့ အခက်တွေ့ဦးမည့်ပွဲဖြစ်ပြီး အင်္ဂလန် နိုင်ပါကလည်း ဂိုးပြတ်ရန် မသေချာသည့်ပွဲမျိုး ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

အင်္ဂလန်-နိုင်၊ ရှုံး၊ နိုင်၊ သရေ၊ သရေ ဆလိုဗက်ကီးယား-နိုင်၊ နိုင်၊ နိုင်၊ ရှုံး၊ သရေ

**စပိန် – ဂျော်ဂျီယာ**

ဇူလိုင် ၁ ရက်၊ (တနင်္လာနေ့)၊ နံနက် ၀၁း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၁၂-၁၃ | စပိန် | ၂-၀ | ဂျော်ဂျီယာ | ၀-၁ | စပိန် | (ကမ္ဘာ့ဖလား ၂၀၁၄ ခြေစစ်ပွဲ) |
| ၂၀၂၁ | ။ | ၄-၀ | ။ | ၁-၂ | ။ | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |
| ၂၀၂၃ | ။ | ၃-၁ | ။ | ၁-၇ | ။ | (ယူရို ၂၀၂၄ ခြေစစ်ပွဲ) |

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| စပိန် | ၃-၀ | ခရိုအေးရှား | တူရကီယဲ | ၃-၁ | ဂျော်ဂျီယာ |
| စပိန် | ၁-၀ | အီတလီ | ဂျော်ဂျီယာ | ၁-၁ | ချက် |
| အယ်လ်ဘေးနီးယား | ၀-၁ | စပိန် | ဂျော်ဂျီယာ | ၂-၀ | ပေါ်တူဂီ |

အုပ်စု(ခ) ပထမ စပိန်နှင့် အုပ်စု(စ)တတိယ ဂျော်ဂျီယာအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၇)ကြိမ် ဆုံတွေ့ခဲ့ရာ စပိန်က (၆)ကြိမ် အနိုင်ရထားပြီး (၁)ကြိမ်သာ ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ စပိန်တို့ အသာရနေသည့်အပြင် လက်ရှိ ခြေစွမ်းအရလည်း ကွာဟချက်ရှိနေ၍ စပိန်တို့ ပြတ်သားစွာ အနိုင်ရမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

စပိန်-နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ နိုင် ဂျော်ဂျီယာ-နိုင်၊ နိုင်၊ ရှုံး၊ သရေ၊ နိုင်

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)

နိုင်ကမ္ဘာ

**အုပ်စု(စ)နောက်ဆုံးပွဲစဉ်များ**

ပွဲစဉ်(၁)ရလဒ် – အီကွေဒေါ ၁-၂ ဗင်နီဇွဲလား မက္ကဆီကို ၁-၀ ဂျမေကာ
ပွဲစဉ်(၂)ရလဒ် – အီကွေဒေါ ၃-၁ ဂျမေကာ ဗင်နီဇွဲလား ၁-၀ မက္ကဆီကို

**အုပ်စု(စ)အမှတ်ပေးဇယား**

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဗင်နီဇွဲလား | ၂ | ၂ | - | - | ၃ | ၁ | +၂ | ၆ |
| ၂ | အီကွေဒေါ | ၂ | ၁ | - | ၁ | ၄ | ၃ | +၁ | ၃ |
| ၃ | မက္ကဆီကို | ၂ | ၁ | - | ၁ | ၁ | ၁ | - | ၃ |
| ၄ | ဂျမေကာ | ၂ | - | - | ၂ | ၁ | ၄ | -၃ | - |

**ဂျမေကာ – ဗင်နီဇွဲလား**

ဇူလိုင် ၁ ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၆-၃-၂၀၁၁ | ဂျမေကာ | ၀-၂ | ဗင်နီဇွဲလား | (ခြေစမ်းပွဲ) |
| ၂၈-၃-၂၀၁၅ | ။ | ၂-၁ | ။ | (ခြေစမ်းပွဲ) |
| ၆-၆-၂၀၁၆ | ။ | ၀-၁ | ။ | (ကိုပါအမေရိကဖလား အုပ်စု) |

ယခုပွဲတွင် ဗင်နီဇွဲလားတို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ဂျမေကာ-နိုင်၊ နိုင်၊ နိုင်၊ ရှုံး၊ ရှုံး ဗင်နီဇွဲလား-ရှုံး၊ ရှုံး၊ သရေ၊ နိုင်၊ နိုင်

**မက္ကဆီကို – အီကွေဒေါ**

ဇူလိုင် ၁ ရက်၊ (တနင်္လာနေ့)၊ နံနက် ၆း၃၀နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၂-၆-၁၉၉၇ | မက္ကဆီကို | ၁-၁ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |
| | (ပင်နယ်တီ | ၄-၃ ဖြင့် မက္ကဆီကိုနိုင်) | | |
| ၁၄-၇-၂၀၀၄ | မက္ကဆီကို | ၂-၁ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂-၇-၂၀၀၇ | မက္ကဆီကို | ၂-၁ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၀-၆-၂၀၁၅ | မက္ကဆီကို | ၁-၂ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |

မက္ကဆီကိုနှင့် အီကွေဒေါတို့ နှစ်သင်းသည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ အကြိမ် ၂၀ ဆုံတွေ့ခဲ့ရာ မက္ကဆီကိုက (၁၂)ကြိမ် အနိုင်ရထားပြီး (၅)ကြိမ် သရေကျကာ (၃)ကြိမ်သာ ရှုံးနိမ့်ထားသော်လည်း ယခုပွဲနိုင်သည့်အသင်း နောက်တစ်ဆင့်တက်မည်ဖြစ်၍ အကြိတ်အနယ်ရှိကာ သရေကျရန် ရာခိုင်နှုန်းများနေပြီး အနိုင်ဆိုပါက အီကွေဒေါကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

မက္ကဆီကို-နိုင်၊ ရှုံး၊ ရှုံး၊ နိုင်၊ ရှုံး အီကွေဒေါ-ရှုံး၊ နိုင်၊ နိုင်၊ ရှုံး၊ နိုင်



# မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ ဝန်ထမ်းမိသားစုများ ဘုရားဖူးသွားရောက်

**မန္တလေး ဇွန် ၂၉**

နေပြည်တော်ရှိ မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ ပဋ္ဌမအကြိမ် ဘုရားဖူးသွားရောက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစု ၁၀၀ ဦးသည် မီနီဘတ်စ်ကားငါးစီးဖြင့် စနေနေ့ ရုံးပိတ်ရက်တွင် နေပြည်တော်သို့ ယနေ့နံနက်ပိုင်းက ထွက်ခွာပြီး မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ သွားရောက်ဖူးမြော်ရာ သက်ဆိုင်ရာ ဂေါပကအဖွဲ့များက ဘုရားသမိုင်း မှတ်တမ်းဗီဒီယိုမှတ်တမ်းပြသပြီး ဘုရားအား လှည့်လည်ဖူးမြော်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး ယင်းဘုရားဖူးအစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း ဝန်ထမ်းမိသားစုများ အလှည့်ကျ သွားရောက်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

*-*-*-*-*

*-*-*-*-*-*

# ကမ်းပြိုဘေးအန္တရာယ်ကျရောက်သည့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ပေးအပ်

**ရေနံချောင်း ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပြိုဘေး အန္တရာယ်ကျရောက်နိုင်သည့် မာန်မြေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၄ ရွာမှ ကြိုတင်ပြောင်းရွှေ့ခဲ့သည့် အိမ်ခြေ ၆၃ လုံးနှင့် အိမ်ထောင်စုဝင်များအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးမောင်နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးတို့က ကမ်းပြိုဘေးကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့သည့် မိန်းမလှကျွန်း၊ မာန်မြေရွာသစ်၊ မာန်မြေမြောက်စု၊ မာန်မြေအနောက်စု ကျေးရွာများမှ အိမ်ခြေ ၆၃ လုံးနှင့် အိမ်ထောင်စုဝင် ၂၅၅ ဦး အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၈၃၅၅၀၀ ကို မာန်မြေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါကျေးရွာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုဘေးသင့်နိုင်သည့် အိမ်များအား ဇွန် ၇ ရက်ကစတင်၍ ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ပြီး တစ်အိမ်လျှင် ကြိုတင်ပြောင်းရွှေ့စရိတ် ငွေကျပ် ၁၀၀၀၀၀ နှင့် အိမ်ထောင်စုဝင် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၇ သိန်းကို ရိက္ခာဖိုး ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၄၇၂)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။




ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇူလိုင် ၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၅)၊ ၁၉လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားတွင်လည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက် အကွက်(၇၁၂)၊ ၃၂လမ်းနှင့် ၇၆လမ်းထောင့်တွင်လည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၅၃၆)၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားတွင်လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၇၅၊ ၄၇၆)၊ ထီးတန်းရပ်၊ ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ထီးတန်းမွှောရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၅ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိ

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒေသအတွင်းစိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း ၆၄၇၆၃ ပင် ပျိုးထောင်ထားရှိပြီး သတ်မှတ်နေရာများတွင် စိုက်ပျိုးလျက်ရှိသည်။ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်းစိမ်းလန်းစိုပြည်ရေး ရာသီဥတုကောင်းမွန် မျှတစေရန်အတွက် ကျေးရွာသုံးထင်း စိုက်ခင်း ၂၅ ဧကအတွက် ယူကလစ်ပျိုးပင် ၄၄၅၅ ပင်၊ မဲဇလီပျိုးပင် ၃၇၄၁ ပင်၊ သဘော်ကုက္ကိုလ်ပျိုးပင် ၈၆၇၉ ပင်၊ တောင်တန်းစိုက်ခင်း ဧက ၂၀ အတွက် တမာပျိုးပင် ၂၅၂၅ ပင်၊ ဖျောက်ဆိပ်ပျိုးပင် ၂၅၅၀ ပင်၊ သဘော်ကုက္ကိုလ်ပျိုးပင် ၅၀၀၀ ပင် တစ်အုပ်တစ်မစိုက်ခင်းနှင့် အခြားစိုက်ခင်းအတွက် မဲဇလီပျိုးပင် ၆၉၈၃ ပင်၊ ဒဟတ်ပျိုးပင် ၄၂၀၄ ပင်၊ ဖျောက်ဆိပ်ပျိုးပင် ၁၁၈၁၃ ပင်၊ သဘော်ကုက္ကိုလ်ပျိုးပင် ၁၄၈၁၃ ပင် စုစုပေါင်း ၆၄၇၆၃ ပင် ပျိုးထောင်ထားရှိပြီး လူထုဖြန့်ပျိုးပင်များအား အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်ရေး အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတစေရန်အတွက် နှစ်စဉ် ပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိပြီး လူထုဖြန့်ပျိုးပင်များအား ပြည်သူများ လိုအပ်သည့်နေရာတွင် စိုက်ပျိုးရန်အတွက် အခမဲ့ ဖြန့်ဝေလျက်ရှိကြောင်းနှင့် သစ်တောပြုန်းတီးမှုမရှိစေရေး၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ အခြားစိုက်ခင်း၊ တောင်တန်းစိုက်ခင်း၊ တစ်အုပ်တစ်မစိုက်ခင်းများအား နှစ်စဉ် ဖြည့်ဆည်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

# သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုမြေသြဇာများ ပေးအပ်

**ညောင်ဦး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုမြေသြဇာများ ပေးအပ်ပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက နတ်ကြို့အိုင်ကျေးရွာ၌ ကျင်းပသည်။ **(ယာပုံ)**

ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးဝေနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးငွေးတို့က နတ်ကြို့အိုင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၃၈ ဦးပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၅၄ ဧကအတွက် ၁ ဧကလျှင် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများဖြစ်သည့် စမ်းဝတီသဘာဝမြေသြဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေသြဇာများကို ပေးအပ်ခဲ့သည်။



ညောင်ဦးမြို့နယ်အနေဖြင့် ယခုနှစ်တွင် သမဝါယမအသင်းငါးသင်းမှ အသင်းသား ၉၂ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၂၅၀ အတွက် ၁ ဧကလျှင် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများအား မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် တောင်သူစိတ်ကြိုက်ဝယ်ယူ၍ ပံ့ပိုးပေးအပ်ထားကြောင်း သိရသည်။**(၄၈၁)**

# နွေစပါး စံပြကွက် ဧက ၅၀ စံကွက်ရိတ်သိမ်း တစ်ဧက ပျမ်းမျှအထွက်နှုန်း စပါးအစိ တင်း ၁၆၀ ကျော် ထွက်ရှိ



**ပွင့်ဖြူ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာအုပ်စု၌ နွေစပါး ဆာဖိုးသာစပါးမျိုး အကွက်ကျယ်စံပြကွက် ဧက ၅၀ စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၂၈ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း စပါးအစိ တင်း ၁၆၀ ကျော်ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ရိတ်သိမ်းရာတွင် ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါး စိုက်ပျိုးရာသီအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းအင်းဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းပြီး ဇီးတောကျေးရွာအုပ်စု ကွင်းအမှတ် ၇၈၄ ရှိ တောင်သူ ဒေါ်ငယ် အပါအဝင် ဒေသခံ တောင်သူပေါင်း ၁၈ ဦး၏ လယ်မြေများ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထုတ်ချေးငွေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းပညာများ ပံ့ပိုးကူညီပြီး နွေစပါး ဆာဖိုးသာစပါးမျိုး အကွက်ကျယ်စံပြကွက် စိုက်ဧရိယာ ဧက ၅၀ ကို စိုက်ပျိုးဆောင်ရွက်ခဲ့သည်။ အဆိုပါ စံပြကွက် စိုက်ကွင်းအတွင်း၌ ၆ ဒသမ ၆ ပေပတ်လည်ကို လက်ဖြင့် ရိတ်သိမ်းခြင်း၊ ၀ ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းများဆောင်ရွက်ခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းအားဖြင့် စပါးအစိ ၁၆၀ ဒသမ ၁၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးထံက သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းနေမှုအား မင်းဘူးခရိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုအဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ဒေသခံများ၏ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက် တင်ပြမှုများအပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါးစိုက်ပျိုးရာသီတွင် ဧကပေါင်း ၂၃၆၆၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများက နွေစပါး သီးနှံများကို စတင်ရိတ်သိမ်း ဆောင်ရွက်နေပြီး နွေစပါးပေါ်ချိန် စပါးအထွက်နှုန်းများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (အပေါ်ဝဲပုံ)

(၅၀၀)

# စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဌာနဆိုင်ရာများသို့ Mobile စနစ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်း

**တံတားဦး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး Mobile စနစ်ဖြင့် စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်းကို ဇွန်၂၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေးခဲ့သည်။



ထိုသို့ငှားရမ်းဆောင်ရွက်ပေးရာတွင် စာကြည့်တိုက်သို့ အလုပ်တာဝန်များ မအားလပ်၍ မလာရောက်နိုင်သူများ စာအုပ်၊ စာစောင်များကို လာရောက်ငှားရမ်းရန် ခက်ခဲသူများအတွက် သုတ၊ ရသ စာအုပ်စာစောင်များ ဖတ်ရှုရခြင်းဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုကောင်းမွန်စေရန်၊ စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်၊ စာအုပ်၊ စာစောင်များနှင့် ရင်းနှီးကျွမ်းဝင်လာသည့်အပြင် စာပေများမှ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ သုတ၊ ရသ စာအုပ်၊ စာစောင်များ ငှားရမ်းပေးပြီး အသင်းဝင်အသစ်များကိုလည်း စာငှားကတ်များ ပြုလုပ်ပေးကြောင်း၊ ဌာနဆိုင်ရာရုံးများရှိ ဝန်ထမ်းများကို တစ်ဦးလျှင် စာအုပ်တစ်အုပ်သာ ငှားရမ်းပေးပြီး ဝန်ထမ်းများက တစ်ဦးနှင့်တစ်ဦး လဲလှယ်ဖတ်ရှုနိုင်ကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျား စာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများ အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်သို့ မည်သူမဆို အခမဲ့အသင်းဝင်ရောက်ပြီး လာရောက် ငှားရမ်းဖတ်ရှုနိုင်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်မငှားရမ်းနိုင်သည့် ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေကို အလွယ်တကူဖတ်ရှုနိုင်စေရန်အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များ သယ်ဆောင်၍ အပတ်စဉ် သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၀၉)



# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံ့ရပ်ကွက်၊ အမှတ်(၅) ဆွေသဟာဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်(၁၀၂)ပါးနှင့် ကျောင်းသား၊ ကျောင်းသူ(၉၉)ဦး စုစုပေါင်း (၂၀၁)ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၃၈)

# တောင်သူများသို့ သွင်းအားစုများပေးအပ်

**ပြင်ဦးလွင် ဇွန် ၂၉**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့်(၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိမိမြို့နယ်အစီအစဉ်ဖြင့် သွင်းအားစုများကို ဇွန် ၂၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွင်းအားစုများပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် တာဝန်ကျအဖွဲ့များ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများသည် တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစု(စမ်းဝတီသဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ)တန်ဖိုးငွေကျပ် ၇၆၈ သိန်းကို မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

# (VDP) စီမံကိန်းဖြင့် သမန္တလင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းပေးမည်

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အိမ်ထောင်စု ၁၈၁ စု လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်းဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သမန္တလင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းများအား ကျေးလက်နေပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားစေရေး၊ ကျေးရွာများတွင် ကွန်ကရစ်ခင်းပေးသွားမည် ဖြစ်သည်။

ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်သည့်အနေဖြင့် ကွန်ကရစ်များခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူများ ပူးပေါင်းပါဝင်တတ်စေပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်အတွက် လမ်းဖြစ်မြောက်ရေးကော်မတီအား ကျေးရွာပြည်သူများနှင့်ဖွဲ့စည်း၍ ပြည်သူများ၏ လုပ်အားများထည့်ဝင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းအရည်အသွေးကောင်းမွန်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးသွားမည်ဖြစ်သည်။



ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပြီးပါက ကျေးရွာပြည်သူများအနေဖြင့် တစ်အိမ်နှင့်တစ်အိမ် လူမှုစီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရပ်ရွာသာရေးနာရေးနှင့် အလှူအတန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အခြားလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် များစွာ အဆင်ပြေမည်ဖြစ်ကြောင်းနှင့် ကျေးရွာသည်လည်း ပို၍သန့်ရှင်းသာယာပြီး ပြည်သူများ၏ လူမှု ဘဝများ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၅)

*-*-*-*-*

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၆)

**သွယ်အောင်**

**'ကျွန်ုပ်ကိုယ်တိုင်စဉ်းစားဆင်ခြင်တတ်သော ဝါသနာရှိ၍ စာဖတ်သူများအား စဉ်းစားဆင်ခြင်တတ်သော အလေ့ဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် ကလောင်သမားတစ်ယောက်အနေဖြင့် ကျွန်ုပ်၏ ဝတ္တရားတစ်ခုဟူ၍ သတ်မှတ်ထားပါသည်'**

**ရွှေဥဒေါင်း**

ရန်ကုန်၊ အင်းစိန်မှ စာရေးဆရာများနှင့် လူထုတိုက်တွင် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ပြီး အိမ်ပြန်ရောက်သောအခါ ကျွန်တော့်စာကြည့်ခန်းစားပွဲပေါ်မှ ဆရာကြီးရွှေဥဒေါင်း ရာပြည့်အထိမ်းအမှတ်ပို့စကတ်လေးကို ရှေ့၊ နောက်လှန်ကြည့်မိသည်။

ရှေ့တွင် ဆရာပေါ်ဦးသက်၏ လက်ရာဆရာကြီး ရွှေဥဒေါင်းပုံတူ Sketch ရေးဆွဲထားပြီး နောက်တွင် ဆရာကြီးရွှေဥဒေါင်း၏ အဆိုတစ်ခုကို အထက်တွင် ဖော်ပြသည့်အတိုင်း စာစီစာရိုက်ထားသည်။ အောက်ခြေတွင် ၂၄၊ အောက်တိုဘာ၊ ၁၉၈၉ ထုတ်ဝေ-ဒေါ်ခင်မျိုးသန့်(တူးပန်းချီကားချပ်)၊ မြဲ-၃၅၆၉၊ ၅၈/၃လမ်း၊ ဗဟန်း၊ ရန်ကုန်၊ ခွင့်ပြု-၀၂၆/၈၉(၁၀)၊ ပုံနှိပ်-ဦးငြိမ်းချမ်း(လူထုပုံနှိပ်တိုက်) မြဲ-၀၃၁၉၅၊ ၂၂၁၊ ၈၄ လမ်း၊ မန်း။ စောင်ရေ-၁၀၀၀ ဟု ဖော်ပြထားသည်။

ကျွန်တော်လည်း ပို့စကတ်ထဲမှ ဆရာကြီးရွှေဥဒေါင်း၏ အဆိုကို ဖတ်ကြည့်ပြီး နှစ်သက်သဘောကျမိကာ ကလောင်သမားတစ်ယောက်၏ ဝတ္တရားဟု သတ်မှတ်ထားသော 'စဉ်းစားဆင်ခြင်တတ်သော အလေ့အထဖြစ်အောင် ပျိုးထောင်ခြင်း' အလုပ်ကို နေ့စဉ်ပြုလုပ်နိုင်ရန် ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချမိပါသည်။

၁၉၈၉ခုနှစ်တစ်နှစ်လုံး ရန်ကုန်စာရေးဆရာ၊ ကဗျာဆရာများနှင့် မန္တလေးစာရေးဆရာ၊ ကဗျာဆရာများ မကြာခဏအများဆုံး ဆုံဖြစ်ကြသည့်နှစ်ဟု ဆိုရပေမည်။ ဤသည်မှာ ၁၉၈၅ နိုဝင်ဘာ ၂၉ ရက် တောင်လေးလုံး ကိုပညာကျောင်းတွင် စတင်ကျင်းပခဲ့သော ဆရာမကြီးလူထုဒေါ်အမာ အသက် ၇၀ ပြည့်မွေးနေ့မှ အစပြုခဲ့၍လည်း ဖြစ်သည်။

ပြီးခဲ့သည့် ၁၉၈၉၊ ဩဂုတ်လထဲတွင်လည်း စာရေးဆရာ ဟိန်းလတ်သည် မန္တလေးသိန်းဖော်ဓာတ်ပွဲလာရောက်ကြည့်ရှုအားပေးရင်း မန္တလေးစာရေးဆရာများနှင့် တွေ့ဆုံသွားသည်။ ယင်းသို့တွေ့ဆုံခြင်းကိုလည်း လူထုစာအုပ်တိုက်မှာပဲ တွေ့ဆုံဖြစ်ကြသည်။

ထိုတွေ့ဆုံပွဲတွင် ဝတ္ထုစကားပြေရေးသူများကိုသာ ဦးစားပေးတွေ့ဆုံခြင်းဖြစ်၍ မန္တလေးကဗျာဆရာများ မပါဝင်ခဲ့ပေ။ မန္တလေးမှ ဝတ္ထုရေးဆရာများ ဖြစ်ကြသော ပိုင်စိုးဝေ၊ ဝင်းစည်သူ၊ ကျော်ရင်မြင့်၊ သိုက်ထွန်းသက်၊ နောင်ရိုး၊ ညိုထွန်းလူ၊ ကျော်စွာထက်၊ ရဲသျှမ်း၊ ညီပုလေး၊ ဇော်မောင်(ကာတွန်း)၊ မေမောင်၊ မကို၊ စုထားတို့နှင့် တွေ့ဆုံခဲ့ကြသည်။



ရန်ကုန်၊ အင်းစိန်မှ ရောက်ရှိလာကြသောဆရာ မောင်ခိုင်မာတို့အဖွဲ့သည် ညပိုင်း တောင်လေးလုံး ကျောင်းတွင် ညအိပ်တည်းခိုကြမည်ဖြစ်သောကြောင့် စာရေးဆရာများအား ဆရာဝင်းစည်သူက ဧည့်ခံစကား ပြောသည်။ ကဗျာဆရာများလည်း ပါသောကြောင့် မောင်သင်းဝေ၊ မောင်သင်းပန်၊ ကျွန်တော်တို့က ဧည့်ခံစကားပြောရန် ညသွားအိပ်ပေးကြသည်။

ထိုညက ကျွန်တော်တို့ ရန်ကုန်၊ အင်းစိန်စာရေးဆရာ၊ ကဗျာဆရာများနှင့် ကျွန်တော်တို့စာအကြောင်း၊ ကဗျာအကြောင်း ဆွေးနွေးကြသဖြင့် ညမအိပ်လိုက်ရဘဲ မိုးစင်စင်လင်းသွားခဲ့ရသည်။

ထိုဆွေးနွေးပွဲတွင် ကဗျာဆရာများက ကိုယ်ကြိုက်နှစ်သက်ရာ ကဗျာတစ်ပုဒ်စီ ရွတ်ကြသည်။ စကားပြေဆရာများက ဘဝအတွေ့အကြုံတွေ ဆွေးနွေးကြသည်။ ငြင်းခုံကြသည်။ ထိုညက ကျွန်တော်သည် ချယ်ရီမဂ္ဂဇင်းတွင် ရွေးချယ်ထားသော 'ဟေမာနေဝင်း ခေတ်ပြိုင်' ကဗျာကို အလွတ်လက်တန်းရွတ်ဆိုခဲ့သည်။ တောင်သမန်အင်းရေပြင်နှင့် မယ်ဇယ်တန်းတစ်ဝိုက်တွင် ကဗျာရွတ်သံ၊ စာရွတ်သံများနှင့် ဝေစည်ဆူညံလို့နေတော့သည်။

ပြန်တွေးကြည့်တော့ ထိုညသည် ပျော်ရွှင်စရာအလွန်ကောင်းသော ညတစ်ညဖြစ်ခဲ့သည်။ သို့သော် ဆရာဝင်းစည်သူ၏ စကားတစ်ခွန်းသည် ကျွန်တော်တို့ ကဗျာဆရာတွေအပေါ် မီးပွားကျသလို အပူကူးစက်ခဲ့ပြီး စိတ်ထဲလိပ်ခဲတင်းလင်းဖြင့် အစာမကျေဖြစ်ခဲ့ကြသည်။ ဆရာဝင်းစည်သူပြောလိုက်သည့် စကားသည် ရန်ကုန်မှ ကဗျာဆရာ၊ စာရေးဆရာတွေအပေါ် ချီးကျူးပြီး ဧည့်ဝတ်ကျေပွန်မှုအနေနှင့် သာမန်ပြောလိုက်ခြင်းဖြစ်သော်လည်း စကားနောက် တရားပါဆိုသလို ကျွန်တော်တို့ အထက်အညာက ကဗျာဆရာတွေ ထိခိုက်သလို ဖြစ်သွားသည်။

ပြောလိုက်သည့်စကားမှာ 'ကဗျာနှင့်ပတ်သက်လာရင် ဆရာတို့(အောက်ပိုင်း)၊ အင်းစိန်၊ ရန်ကုန်၊ မြစ်ဝကျွန်းပေါ်က ကဗျာဆရာတွေက ပိုပြီးကောင်းတယ်၊ ပိုပြီးတော်တယ်' ဟု ပြောလိုက်သည့်စကားဖြစ်ပါသည်။

ယင်းစကား၏ နောက်ဆက်စကားအချို့ကို ဆက်တွေးကြည့်သောအခါ(အောက်ပိုင်း)ကဗျာတွေက တော်ပြီး(အထက်အညာ)မန္တလေး အပါအဝင် ကဗျာဆရာများက မတော်ဘူး၊ မကောင်းဘူး၊ ညံ့သည်ဟု အဓိပ္ပါယ်သတ်မှတ်ပြီးသားဖြစ်သွားသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ကဗျာဆရာများက ရင်ထဲမှာပဲ မြိုသိပ်ပြီး သင်ပုန်းချေလိုက်ကြပါသည်။ ဤကိစ္စကို မေ့မေ့ပျောက်ပျောက်ထားပြီး မဂ္ဂဇင်းများကို စောင့်ဖတ်ကြည့်ရင်းနှင့် အချိန်များကုန်လွန်သွားခဲ့ကြသည်။

စာပေဂျာနယ် အမှတ်(၇)တွင် ကျွန်တော့်ကဗျာ 'မွေးနေ့အလွမ်း' ကဗျာရွေးချယ်ထားသောကြောင့် စာပေဂျာနယ်အမှတ်(၈)၊ ဒီဇင်ဘာလထွက်လာသောအခါ ကျွန်တော့်ကဗျာဖော်ပြမှုရှိမလားဟု နဂါးစာအုပ်ဆိုင်သွား၍ စာပေဂျာနယ်အမှတ်(၈)ထဲရှိ ကဗျာများကို လှန်လှောကြည့်မိသည်။ ကျွန်တော့်ကဗျာဖော်ပြခြင်းမရှိပါ။ ဖော်ပြပါရှိသော ကဗျာဆရာများမှာ မောင်လူမိုက်၊ မောင်ချောနွယ်၊ တင်နွမ်းလွင်(ရှမ်းပြည်)၊ ကြူခြေနေဥရာ၊ ဖြိုးထိန်၊ နိုင်မွန်၊ နေထက်နိုင်၊ မောင်နွေထက် တို့ဖြစ်သည်။

ထိုကဗျာများထဲမှ ကဗျာဆရာမောင်လူမိုက်နှင့် ဆရာမောင်ချောနွယ်တို့၏ ကဗျာနှစ်ပုဒ်မှာ ကဗျာလောကတွင် ပြောစမှတ်ပြုခံခဲ့ရပြီး ထင်ရှားလူကြိုက်များခဲ့သည်။ မောင်လူမိုက်၏ ကဗျာမှာ တိုတိုကလေးဖြစ်သည်။ ပါဒ(၃)ကြောင်းထဲသာရှိပြီး မြန်မာဟိုက္ကူဟုပင် တင်စားခေါ်ဝေါ်သည့်အထိ ဖြစ်သွားသည်။

ကဗျာဆရာမောင်လူမိုက်နှင့် မြင်းခြံမြို့တွင် သူငယ်ချင်းဖြစ်သူ ယောက်ဖဖြစ်သူနှင့်ပတ်သက်၍ ခင်မင်ခဲ့ရသဖြင့် သူ့ကဗျာကို ပုဂ္ဂိုလ်စွဲဖြင့် ကျွန်တော်သေချာသိမ်းဆည်းခဲ့သည်။ ကဗျာခေါင်းစဉ်မှာ 'သဘာဝ သင်းကွဲ' ဖြစ်သည်။

**သဘာဝသင်းကွဲ**

**စာခိုကျိုးကန်း ပျံကျသမား**
**ရေအိုင် ဘဲဖြူ လေ့ထိုးသား**
**တီကောင် လယ်ထွန်စား ။ ။**

**မောင်လူမိုက်**



ကဗျာဆရာမောင်ချောနွယ်၏ ကဗျာမှာ ကာရန်မပါဘဲ ခေတ်ပေါ်နည်း(မော်ဒန်)အရေးအဖွဲ့ဖြင့် ရေးဖွဲ့ထားသည့် ကဗျာရှည်ကြီးဖြစ်သည်။ မောင်လူမိုက်၏ ကဗျာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မောင်ချောနွယ်၏ ကဗျာမှာ ပါဒစာကြောင်းရေ ၁၂၄ ကြောင်းရှိသည်။ စာမျက်နှာနှစ်မျက်နှာခွဖောင်ဖြင့် အပြည့်ဖော်ပြပေးထားသည်။ 'ဆတ်သွား' ခေါင်းစဉ်ဖြင့် ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။ ဆတ်သွားမြို့ကို ပုံဖော်ရေးဖွဲ့ထားခြင်းဖြစ်သည်။

ကျွန်တော့်မှာ ယင်းကဗျာ ၂ ပုဒ်၏ အခင်းအကျင်းကို ကြည့်ပြီး ကဗျာတိုခြင်း၊ ရှည်ခြင်းသည် အဓိကမကျဘဲ အကြောင်းအရာ၊ တင်ပြပုံဖြင့် ကဗျာကို ဘယ်လိုရှင်သန်ကောင်းမွန်အောင် ရေးဖွဲ့ရလျှင် ကောင်းမလဲဟု အတွေးဝင်မိသည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ မန္တလေးမြို့တွင် အပတ်စဉ်ထုတ်ဂျာနယ်တစ်စောင်နှင့် လစဉ်ထုတ်မဂ္ဂဇင်းတစ်အုပ် ၁၉၉၀ပြည့်နှစ်တွင် ထွက်ရှိမည့် သတင်းကိုလည်း ဝမ်းသာစရာကြားရသည်။

ဂျာနယ်မှာ 'မန္တလေးယဉ်ကျေးမှုဂျာနယ်' ဖြစ်ပြီး သတင်းစာဆရာ နတ်မောက်ထွန်းရှိန်က ထုတ်ဝေမည် ဖြစ်သည်။ မဂ္ဂဇင်းမှာ 'ရွှေဝတ်ရည်' မဂ္ဂဇင်းဖြစ်ပြီး ကမ္ဘာ့အေးဆေးတိုက်မှ ဒေါ်နုနုယဉ်(မေသျှိသျှား)က ထုတ်ဝေမည်ဖြစ်သည်။ ကြားရသည့် သတင်းကြောင့် ကျွန်တော်တို့ မန္တလေးမှ ကဗျာသမား၊ စာသမားများ ပို၍ပျော်ရွှင်ကြကာ စာကဗျာများ ရေးသားပေးပို့ကြဖို့ ရင်ခုန်မျှော်လင့်နေမိကြတော့သည်။





# ပန်းချီဆရာ လူမော်၏ (၆)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၉**

ပန်းချီဆရာ လူမော်၏ (၆) ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး တောင် ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ကျင်းပသည်။

ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်း အနားသို့ ပန်းချီဆရာများ၊ ပန်းချီ ဝါသနာရှင်များ၊ စာရေးဆရာများ၊ သတင်းမီဒီယာများ တက်ရောက် အားပေးကြသည်။

ပြပွဲတွင် အခရိုက်လစ် - ပေပါ ပန်းချီအမျိုးအစား ပန်းချီ ကားပေါင်း(၆၅)ကား ပြသထား သည့် ပန်းချီကားများ၏ တန်ဖိုးမှာ ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ် ငါးသိန်းခွဲ အထိရှိသည်ဟု သိရ သည်။

ပြပွဲ ဖွင့်ပွဲနေ့တွင်ပင် ပန်းချီ ကား ဝယ်ယူစုဆောင်းသူများက ဝယ်ယူအားပေးကြသည်ကို တွေ့ ရသည်။ ဖွင့်ပွဲနေ့တွင် ပန်းချီ ချစ်သူများ၊ လာရောက်အားပေးသူ များဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အထိ ငါးရက် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မန္တလေးတောင်ပန်းချီပြခန်းသို့ မည်သူမဆို လာရောက်ကြည့်ရှု လေ့လာနိုင်ရန် ဖိတ်ခေါ်ထား ကြောင်း သိရသည်။

**(အောက်ပုံ)(၀၅၀)**



# စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

**လားရှိုး ဇွန် ၂၉**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်း အဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက လားရှိုးလူထု အခြေပြုဗဟိုဌာနရှိ သင်တန်း ခန်းမနှင့် စာကြည့်တိုက်တို့တွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲမကျင်းပမီ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ လားရှိုးခရိုင်ရုံးမှ လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေ သွယ်ဟန်က ပြိုင်ပွဲကျင်းပရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားပြီး ဦးစီးအရာရှိ ဦးစိုင်း ထွန်းနေလှိုင်က ပြိုင်ပွဲစည်းကမ်း များကို ရှင်းလင်းပြောကြားခဲ့ သည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲ သို့ လားရှိုးမြို့ပေါ်ရှိ အခြေခံ ပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်း များမှ ကျောင်းသား၊ ကျောင်းသူ များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၂၉**

၂၀၂၄ ခုနှစ်အတွင်း ဆောင် ရွက်သွားမည့် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အသိ ပညာပေး Talk Show ဆွေးနွေး ပွဲကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန Community Centre တွင် ကျင်းပခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အသိ ပညာပေး Talk Show ဆွေးနွေး ပွဲတွင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်း ထွန်းနိုင်နှင့်အတူ လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်း တို့က သန်းခေါင်စာရင်းကောက် ယူခြင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ် ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူခြင်း ဆောင် ရွက်မည့်ကာလနှင့် ဆောင်ရွက် မည့်လုပ်ငန်းစဉ်များ၊ သန်းခေါင် စာရင်း ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ တွင် ပါဝင်မည့်အချက်အလက် များ၊ သန်းခေါင်စာရင်း ကောက် ယူရမည့် စာရင်းကောက်များ လိုက်နာရမည့်အချက်များနှင့် ပြည်သူများ လိုက်နာရမည့်အချက် များကို ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၇၂)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ ။

# ဆရာရဲသျှမ်း၏ အစ်ကိုညီပုလေးစာအုပ် ထွက်ရှိ

**မန္တလေး ဇွန် ၂၉**

အမျိုးသားစာပေဆုရ စာရေးဆရာ ရဲသျှမ်း၏ 'အစ်ကိုညီပုလေး'စာအုပ် စိမ်းလန်းအေးစာပေတိုက် မှ ထွက်ရှိလာသည်။ ယင်းစာအုပ်မှာ ဆရာညီပုလေး ဆုံးသွားသည်ကိုအကြောင်းပြု၍ ဆရာ ရဲသျှမ်းက သူ၏ Facebook စာမျက်နှာမှတစ်ဆင့် ဆရာ ညီပုလေးနှင့် သူတွေ့ကြုံခံစားရသည့်အကြောင်းများကို ရင်ခုန်လွမ်းမောစွာ လွမ်းဆွတ်တသစွာ ရေးဖွဲ့ထားခြင်း ဖြစ်သည်။ Facebook တွင် ရေးသားခဲ့သော စာများ ကိုစု၍ ဆရာညီပုလေး ကွယ်လွန်ခြင်း တစ်နှစ်ပြည့် မှာ စာအုပ်အဖြစ် ထွက်ရှိလာခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို ငွေကျပ် ၇၅၀၀ ဖြင့် မန္တလေး လူထုစာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်များတွင် ဝယ်ယူ ဖတ်ရှုနိုင်ကြောင်း သိရသည်။ **(PNT)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တစ်ကမ္ဘာလုံးမရှိတဲ့ မြန်မာ့သနပ်ခါး

* **တိုင်** - လုံမတို့ရွာဝန်းကျင်က
ဘာပင်တွေလေး ၊

* **ဖောက်** - သနပ်ခါးပင်ခေါ်သတော့
မှတ်ထားပေါ့လေး ။

* **တိုင်** - ဘိုးဘေးတွေ စိုက်ခဲ့တာလား
ပြောပါဦးလေး ၊

* **ဖောက်** - အလေ့ကျပေါက်နေတာတော့
နှစ်ရှည်ပေါ့လေး ၊

* **တိုင်** - အာနိသင်တွေ ရှိရဲ့လား
သိချင်လို့မေး ။

* **ဖောက်** - ဒီသနပ်ခါး ရက်မှန်လိမ်းတော့
ဝက်ခြံပျောက်သေး ၊

* **တိုင်** - ဒါတင်လား လုံမလေးရယ်
ပြောပြချင်သေး ၊

* **ဖောက်** - ညှင်း,မိတ်နဲ့ တင်းတိပ်တွေလည်း
ပျောက်ကင်းတယ်လေး ၊

* **တိုင်** - လုံမတို့ နပါးထက်မှာ
လိမ်းခြယ်လားမေး ၊

* **ဖောက်** - ဆေးဖက်ဝင်သနပ်ခါးမို့
မပြတ်လိမ်းသေး ၊

* **တိုင်** - ကမ္ဘာမှာ သနပ်ခါးပင်
ရှိရဲ့လားမေး ၊

* **ဖောက်** - ကမ္ဘာမှာ ပြည်မြန်မာပဲ
ရှိတာတော့လေး ။ ။

(ကျေးလက်တေး)

**မောင်ကာဠု(ပုသိမ်ကြီး)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

**စက်တင်ဘာ ၁ ရက်တွင် ကြားဖြတ်ပါလီမန်ရွေးကောက်ပွဲပြုလုပ်ပေးရန် ဇွန် ၂၈ ရက်က တောင်းဆိုလိုက်သော အဇာဘိုင်ဂျန်သမ္မတ အလီယက်ဗ်ကို တွေ့ရစဉ်။ Mon**



## မွန်ဂိုလီးယားဝန်ကြီးချုပ် လူဆမ်နမ်စရိန်းအိုယမ်အာဒင်း ပါလီမန်ရွေးကောက်ပွဲအောင်နိုင်မှု ထုတ်ဖော်ကြေညာ

**အူလန်ဘာတော ဇွန် ၂၉**

ပါလီမန်ရွေးကောက်ပွဲ အောင်နိုင်သွားပြီဖြစ်သည်ဟု မွန်ဂိုလီးယားဝန်ကြီးချုပ် လူဆမ်နမ်စရိန်းအိုယမ်အာဒင်း ဇွန် ၂၉ ရက်နံနက်ပိုင်းက ထုတ်ဖော်ကြေညာလိုက်ကြောင်း အယ်လ်ဂျာဇီးရာ သတင်းဌာနက ဖော်ပြသည်။

မိမိတို့၏ မွန်ဂိုလီးယန်းပြည်သူ့ပါတီကိုယ်စားပြုအမတ်များ ပါလီမန်တွင် နေရာအများဆုံးရကာ ရွေးကောက်ပွဲအောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

တစ်နိုင်ငံလုံးရှိ မဲရုံအသီးသီးမှ ကောက်ခံရရှိသော မဲများကို ၉၉ ရာခိုင်နှုန်းအထိ ရေတွက်ပြီးနောက် အာဏာရပြည်သူ့ပါတီက မွန်ဂိုလီးယားပါလီမန်ရှိ အမတ်နေရာ ၇၀ အနက် ၆၈ နေရာအတွက် အနိုင်ရခဲ့သည်။

မွန်ဂိုလီးယားပြည်သူ့ပါတီသည် တရုတ်နှင့်ရုရှားနှစ်နိုင်ငံအကြားရှိ မွန်ဂိုလီးယားနိုင်ငံတွင် လွန်ခဲ့သော နှစ် ၇၀ နီးပါးအုပ်ချုပ်ခဲ့သည့် ကွန်မြူနစ်ပါတီကို အမည်ပြောင်းလဲပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နယ်မြို့များ၊ ကျေးလက်ဒေသများရှိ အသက်ကြီးပိုင်းမဲဆန္ဒရှင်များအကြား၌ မွန်ဂိုလီးယားပြည်သူ့ပါတီ ယနေ့ထက်တိုင် ရေပန်းစားနေဆဲဖြစ်ကြောင်း သိရသည်။



## အသက် ၇၀ ကျော်သူများ အခမဲ့ဆေးကုသခွင့်ရမည်ဟု အိန္ဒိယသမ္မတ ဒရောပဒီမွာမူ ထုတ်ဖော်အသိပေးပြောဆို

**ဒေလီ ဇွန် ၂၉**

အစိုးရအသိအမှတ်ပြု ကျန်းမာရေးအာမခံထားရှိပြီးသည့် အသက် ၇၀ ကျော်သူများ အခမဲ့ဆေးကုသခွင့်ရမည်ဟု မကြာသေးမီက အိန္ဒိယသမ္မတ ဒရောပဒီမွာမူ ထုတ်ဖော်အသိပေးပြောဆိုခဲ့ကြောင်း အေအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



အိန္ဒိယပါလီမန်သို့ ၎င်း တက်ရောက်မိန့်ခွန်းပြောကြားစဉ် ယင်းကဲ့သို့ အသိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

အသက်ကြီးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသော အိန္ဒိယနိုင်ငံတွင် မိမိတို့ပါတီအာဏာရပါက အသက် ၇၀ ကျော်သူများကို အစိုးရက တာဝန်ယူပြီး ဆေးကုသပေးမည်ဟုရွေးကောက်ပွဲအကြို စည်းရုံးဟောပြောရာ၌ ဘီဂျေပီပါတီက ကတိပေးခဲ့ကြောင်းသိရသည်။ **Mon**

0-0-0-0-0

## အီရန် လူထုမဲဆန္ဒခံယူပွဲရလဒ် အဖြေမပေါ် သမ္မတလောင်းနှစ်ဦး ထပ်မံယှဉ်ပြိုင်ရမည်

**တီဟီရန် ဇွန် ၂၉**

ဇွန် ၂၈ ရက်က ကောက်ခံခဲ့သည့် အီရန်လူထုမဲဆန္ဒခံယူပွဲ မဲရလဒ်အဖြေမပေါ်သဖြင့် မာဆော့ပီဇက်ရှ်ကီယန်နှင့် ဂျာလီလီဟုအမည်ရသော သမ္မတလောင်းနှစ်ဦး ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ကောက်ခံရရှိသော မဲအရေအတွက် ၂၄ ဒသမ ၅ သန်းရှိသည့်အနက် ပြုပြင်ပြောင်းလဲရေးဝါဒီ မာဆော့ပီဇက်ရှ်ကီယန်အနေဖြင့် ထောက်ခံမဲ ၁၀ ဒသမ ၄ သန်းသာ ရရှိခဲ့သည်။

၎င်း၏အမိက ပြိုင်ဘက်ဂျာလီလီက ထောက်ခံမဲ ၉ ဒသမ ၄ သန်းရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦး ဒုတိယအကြိမ်ယှဉ်ပြိုင် အရွေးခံရမည်ဖြစ်သည်။

ယင်းအီရန်သမ္မတရွေးကောက်ပွဲ ပထမအကြိမ်တွင် အခြားသမ္မတလောင်း မိုဟာမက်ဘာဂါကွာလီဘတ်ဖ်က ထောက်ခံမဲ ၃ ဒသမ ၃ သန်း၊ မိုစတာဖာပွါမိုဟာမာဒီက ထောက်ခံမဲ ၂၀၆၀၀၀ အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **Mon**






## ရော်နယ်လ်ဒိုဟု အမည်ပေးထားသော စပါးကြီးမြွေအထီးမှ မြွေကလေး ၁၄ ကောင်ပေါက်ခဲ့သဖြင့် မယုံနိုင်စရာဖြစ်နေ

**လန်ဒန် ဇွန် ၂၉**

ဗြိတိန်နိုင်ငံရှိ ရော်နယ်လ်ဒိုဟု အမည်ပေးထားသော စပါးကြီး မြွေအထီးတစ်ကောင် မကြာသေးမီက မြွေကလေး ၁၄ ကောင်ပေါက်ခဲ့သဖြင့် မယုံနိုင်စရာဖြစ်နေကြောင်း ကောင်းကင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သည့် ၉ နှစ်က ထို ၆ ပေရှည်လျားသော ဘရာဇီးသက်တံစပါးကြီးမြွေကို တိရစ္ဆာန်ဆရာဝန်ထံသို့ သွားရောက်ပြသသောအခါ အထီးဖြစ်ကြောင်း အတည်ပြုချက် ရရှိခဲ့သည်။

ဤဖြစ်ရပ်သည် ရှားပါးစွာဖြစ်လေ့ရှိသည့် သဘာဝသာဖြစ်သည်ဟု ပို့စ်မောက်ကောလိပ်မှ မြွေအထူးလေ့လာသူ ပီတာကွီနီယန်က ရှင်းပြခဲ့ကြောင်း သိရသည်။ **Mon**

## ဂျပ်စတင်ထရူဒိုး ရာထူးမှနုတ်ထွက်ပေးရန် လစ်ဘရယ်အမတ်ဟောင်းတစ်ဦး တောင်းဆို

**အော့တဝါ ဇွန် ၂၉**

ဂျပ်စတင်ထရူဒိုးကို လက်ရှိဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန် ဝိန်းလောင်းဟုအမည်ရသည့် ကနေဒါလစ်ဘရယ်အမတ်ဟောင်းတစ်ဦး မကြာသေးမီက တောင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နယူးဘန်းစဝစ်ပြည်နယ်ကိုယ်စားပြု လစ်ဘရယ်အမတ်ဖြစ်ခဲ့သော ဝိန်းလောင်းသည် ၂၀၁၅ ခုနှစ်ကတည်းက မဲနိုင်ပြီး အမတ်ရာထူးနေရာရရှိခဲ့ခြင်းဖြစ်သော်လည်း ထပ်မံယှဉ်ပြိုင်အရွေးမခံတော့ဘဲ အခြားအမတ်လောင်းများကို နေရာပေးခဲ့သည်။

အလားတူပင် ၂၀၁၅ ခုနှစ်က ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကက်သရင်းမက်ကင်နာအပါအဝင် လစ်ဘရယ်ပါတီအင်အားစုဝင်အချို့ကလည်း ဂျပ်စတင်ထရူဒိုးကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ကနေဒါရွေးကောက်ပွဲကို လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ထိုအချိန်ရောက်မှ လစ်ဘရယ်ပါတီနှင့်အတူ ဂျပ်စတင်ထရူဒိုး အရှုံးနှင့်ရင်ဆိုင်ရလိမ့်မည်ဟု အတိုက်အခံများက ဝေဖန်ထောက်ပြကြောင်း သိရသည်။ **Mon**



## ဗြိတိသျှတောင်တက်သမား၏ အလောင်းကို စပိန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တွေ့ရှိကောက်ယူ

**မက်ဒရစ် ဇွန် ၂၉**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်မှ အသက် ၇၀ အရွယ် တောင်တက်သမားတစ်ဦး ဇွန် ၂၄ ရက်က စပိန်နိုင်ငံပိုင် ရေနီးစ်တောင်တန်းဒေသအတွင်း တောင်တက်ရင်းပျောက်ဆုံးသွားခဲ့သည်။

သက်ဆိုင်ရာက ရဟတ်ယာဉ်ကိုပါသုံးပြီး အဆိုပါတောင်တန်းဒေသအနှံ့ လိုက်လံရှာဖွေခဲ့ရာ ဇွန် ၂၈ ရက်တွင် ယင်းဗြိတိသျှတောင်တက်သမား၏ အလောင်းကို စပိန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တွေ့ရှိကောက်ယူနိုင်ခဲ့ကြောင်း Mirror သတင်းဌာနက ဖော်ပြသည်။



ပိုင်ရေနီးစ်တောင်တန်းဒေသ အက်စ်ပေတောင်ထိပ်အနီးတွင် တွေ့ရှိကောက်ယူခဲ့သော အလောင်းသည် ပျောက်ဆုံးနေခဲ့သည့် ဗြိတိသျှတောင်တက်သမားဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

၂၀၂၀ ပြည့်နှစ်က ထိုတောင်တန်းဒေသတစ်နေရာတွင် ဗြိတိသျှအမျိုးသမီးတောင်တက်သမား အက်စ်သာဒင်ဂလက် ပျောက်ဆုံးသွားခဲ့ရာ ၂၀၂၂ ခုနှစ်ရောက်မှ အလောင်းရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ **Mon**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

○ ရွှေဖုံးမှ

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချစ်ဆွေတို့ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr.Mongkol Visitstump နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak အား လက်ခံတွေ့ဆုံစဉ်။



**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## လက်ရှိချန်ပီယံ အီတလီကို အနိုင်ယူကာ ဆွစ်ဇာလန်အသင်း ကွာတားဖိုင်နယ်သို့ တက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ဘာလင်အိုလံပစ်ဘောလုံးကွင်းတွင် ဆွစ်ဇာလန်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက လက်ရှိချန်ပီယံ အီတလီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းက ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး၊ အီတလီအသင်းက ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ကွာတားဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သောကြောင့် နှစ်ဖက်အသင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားခဲ့သလို၊ နှစ်ဖက်အသင်းပရိသတ်များကလည်း တစ်ခဲနက်အားပေးခဲ့ကြသည်။ စာမျက်နှာ ၁၀ သို့ ➤







မီတာ ၂၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ(နဂါးလှေ)ပြိုင်ပွဲတွင် မြန်မာပထမ(ရွှေတံဆိပ်)တစ်ခုရရှိထား

**ရန်ကုန် ဇွန် ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Barnaul မြို့၌ နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ(နဂါးလှေပြိုင်ပွဲ)(Altai Regatta Dragon Festival)ပြိုင်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားသမားများပထမ (ရွှေတံဆိပ်) ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲ၌ မီတာ ၂၀၀ အမျိုးသား ၁၀ တက်လှော်တွင် မြန်မာပထမ(ရွှေတံဆိပ်)၊ အင်ဒိုနီးရှားက ဒုတိယ(ငွေ)၊ ကမ္ဘောဒီးယားနိုင်ငံက တတိယ(ကြေး)တံဆိပ်၊ စတုတ္ထဖိလစ်ပိုင်၊ ပဥ္စမနှင့် ဆဋ္ဌမဆုတို့ကို ရုရှားနိုင်ငံတို့က အသီးသီးရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင်ရုရှား၊ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဥဇဘက်ကစ္စတန်နှင့် မြန်မာနိုင်ငံတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ မြန်မာလှေလှော်အဖွဲ့သည် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/နည်းပြနှစ်ဦး၊ အမျိုးသားအားကစားသမား ၁၂ ဦးတို့သည် ဇူလိုင် ၁ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အာကာစိုး)**